# အရေးပါသောလက်အောက်ခံကုမ္ပဏီခွဲတွင် မတည်ရင်းနှီးငွေ တိုးမြှင့်ခဲ့ခြင်းအား အသိပေးကြေညာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ၊ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် FMI ကုမ္ပဏီမှ အစုရှယ်ယာ ၆၀% ထည့်ဝင်ပိုင်ဆိုင်ထားသည့် Yoma Siloam Hospital Pun Hlaing Limited (YSHPH) သို့ အစုရှယ်ယာ ထပ်မံထည့်ဝင်ခြင်းဖြင့် မတည်ရင်းနှီးငွေတိုးမြှင့်ခဲ့ခြင်းအား အသိပေးကြေညာအပ်ပါသည်။

**မတည်ရင်းနှီးငွေတိုးမြှင့်ခြင်း အသေးစိတ်ဖော်ပြချက်**

| | |
|---|---|
| တိုးမြှင့်သည့် မတည်ရင်းနှီးငွေ (ကုမ္ပဏီမှ အချိုးကျ ထည့်ဝင်ငွေ) | အမေရိကန်ဒေါ်လာ ၅,၄၂၀,၁၇၀.၀၀ |
| မတည်ရင်းနှီးငွေတိုးမြှင့်ခြင်းနည်းလမ်း | သာမန်ရှယ်ယာအသစ်များအဖြစ် ထည့်ဝင်ခြင်း |
| မတည်ရင်းနှီးငွေတိုးမြှင့်ခြင်းမတိုင်မီ YSHPH အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ | အမေရိကန်ဒေါ်လာ ၁၃,၁၈၇,၅၀၀.၀၀ |
| မတည်ရင်းနှီးငွေတိုးမြှင့်ပြီးနောက် YSHPH အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ | အမေရိကန်ဒေါ်လာ ၂၂,၂၂၁,၁၁၆.၀၀ |

**မတည်ရင်းနှီးငွေတိုးမြှင့်ရခြင်း အခြေခံအကြောင်း**

YSHPH သည် မြန်မာနိုင်ငံ၌ Pun Hliang Siloam Hospital အမှတ် တံဆိပ်ဖြင့် ပုဂ္ဂလိက ဆေးရုံ လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီဖြစ်ပါသည်။ ယခု မတည်ရင်းနှီးငွေ တိုးမြှင့်ခြင်းသည် YSHPH ၏ ဆေးရုံခွဲများနှင့် ဝန်ဆောင်မှုများအား တိုးချဲ့ရာတွင် အသုံးပြုရန် ဖြစ်ပါသည်။ YSHPH ၏ လုပ်ငန်းတိုးတက်မှုမှာ အားရဖွယ်ရာဖြစ်ပြီး ၎င်း၏ လုပ်ငန်းချဲ့ထွင်မှု အစီအစဉ်အရ လိုအပ်သည့် မတည်ရင်းနှီးငွေများအား FMI ကုမ္ပဏီအနေနှင့် ဆက်လက်ပံ့ပိုးသွားမည် ဖြစ်ပါသည်။

FMI ကုမ္ပဏီသည် ၎င်း၏လက်အောက်ခံကုမ္ပဏီ များ ကြီးထွားရန် အတွက်လိုအပ်သော ဘဏ္ဍာရေး အခြေခံအုတ်မြစ်အား အခါအားလျော်စွာ မတည်ရင်းနှီးငွေ တိုးမြှင့်ထည့်ဝင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း

အမှုဆောင်ဒါရိုက်တာ

၂၀၁၆ခုနှစ်၊ဒီဇင်ဘာလ (၂၃)ရက်။


**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm